# ညျပ်ပန်းအိမ်

## ဟိုင်းဝေးလမ်းက ကျွဲတစ္ဆေ



ဖြစ်ရပ်ဆန်းကြယ် ◇ ဋ္ဌုတို့ များ

# ည ဒရိုင်ဘာ

2010 ခုနှစ်ရဲ့ နှစ်လယ်လောက်က ဖြစ်ပေလိမ့်မည်။ ဆိပ်ကမ်းက တစ်ဆင့် ဘုရင့်နောင် လမ်းအတိုင်း ကိုဘဒင်၏ ဆယ်ဘီးကားက မီးရောင်လေး မှိန်ပျပျဖြင့် တရွေ့ရွေ့ မောင်းနှင်လို့ ။ ပတ်ဝန်းကျင်ကလည်း မှောင်သည် ထက်ပင် ပို၍ မှောင်လှသော အချိန် ဆယ်နာရီ ဝန်းကျင်ခန့် ။ ကိုဘဒင်ကတော့ အေးဆေးစွာပင် ကွမ်းလေးကို အိပ်ချင်ပြေ တမြုံ့မြုံ့ ဝါးရင်းဖြင့် မောင်းနှင်လို့ ။

ကားစပယ်ယာ မောင်တိုးကတော့ ဒီချိန်ဆို နောက်ခန်းတွင် အိပ်ကောင်း နေပေလိမ့်မည်။ ညကြီး အချိန်မတော်လည်း ဖြစ်သည် မို့ ထိုဘုရင့်နောင် လမ်းမကြီးတစ်လျှောက် ကားအသွား အလာသည် မရှိသလောက်ကို နည်းပါးနေလေ၏။ ထို့ကြောင့် လည်း ကိုဘဒင် တစ်ယောက် ကားလီဗာကို စိတ်ရှိတိုင်း တဗျင်းဗျင်း နင်း၍ မောင်းနှင် နေမိတော့သည် ။

ထင်မှတ်ထားသလို ဖြစ်မလာခဲ့ အခါမှာ တော့ အရာရာသည် လွဲမှားတတ် လွဲချော်တတ်သည် မဟုတ်ပါလား။ ထိုညမှ သာ ထူးထူးခြားခြား မိုးဖွားလေးများက ကောင်းကင် တိမ်မည်းများကြားမှ တရိပ်ရိပ် လိမ့်ဆင်းနေလေ တော့သည် ။ နေ့ခင်းဘက် အိပ်ထားသောကြောင့် လည်း ကို

ဘဒင် ကားကို ပိုင်နိုင်စွာ မောင်းနှင် နေနိုင်သေးသည် ။

ကားလမ်းမ ကြီးကတော့ မိုးစက် မိုးပေါက်များ ၏ အရှိန်ဖြင့် အနည်းငယ် ချောနေပေလိမ့်မည်။ ကိုဘဒင် မှာ တော့ ကားမောင်းသက်တမ်း နှစ်နှစ်ဆယ် နီးပါးရှိသည့် ဝါရင့်ကားဆရာပီပီ ထိုမိုးလောက်ကိုတော့ အံတုမောင်းနှင်ရင်း။ အိမ်မြန်မြန် ပြန်ရောက်လိုသော ဆန္ဒ အလုပ်များအား မြန်မြန် ပြီးစီးလိုသော ဇောဖြင့် ကိုဘဒင် ကားလီဗာကို စောစောကထက်ပင် ပို၍ နင်းလိုက်မိသေး၏။

ကံကြမ္မာရယ် ဖန်လာတော့ ကိုဘဒင် တစ်ယောက် သေတွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြုတ်ကျ လေတော့၏။ ဖြစ်ပုံမှာ တော့ ချောင်းဝမှတ်တိုင် အရောက်တွင် ဖြစ်လေတော့၏။ ဘယ်အချိန်တည်းက ရှိနေမှန်း မသိသော TAXI တစ်စီး ကားလမ်းမကြီးကို ရုတ်တရက် ဝိုက်၍ ကွေ့လိုက်ခြင်းပင် ဖြစ်လေတော့သည် ။

ကိုဘဒင် အသိတစ်ချက် လွတ်လိုက်မိသည် နှင့် တစ်ပြိုင်နက်

''ဟာ ... ငါ ... မသား သေတော့မှာ ပဲ''

စိုးရိမ်စိတ်များ တလိပ်လိပ် တက် လာပြီး ပါးစပ်မှ လည်း ယောင်ယမ်းဆဲဆိုမိကာကား ဘရိတ်ကို ဆောင့်အုပ်ချလိုက် လေတော့၏။ မိုးရွာထားသည့် လမ်း၏ စိုစွတ်သော အခြေနေ အရှိန်ပြင်းလှသော ကုန်တင်ယာဉ် ဆယ်ဘီးကား၏ ရုတ်တရက် ဘရိတ်ဆောင့်အုပ်ခြင်းတို့ ပေါင်းစည်းကာ ကိုဘဒင် မောင်းနှင်သော ကားမှာ စလစ် ( SPLIT ) ဖြစ်လေတော့၏။ ဆယ်ဘီးကား ဖြစ်သည့် မို့ မမှောက်ဘူး မထင်စေချင်။

''ကြီး ... ကြီး ... ကြီး ''

''ဝုန်း ''

ကိုဘဒင်၏ ဆယ်ဘီးကား ကုန်တင်ယာဉ်ကြီးမှာ လမ်းမကြီးအတိုင်း သုံးလေးပတ် လှိမ့်ထွက်သွားလေတော့၏။ မထင်မှတ်ထားသလို သတိတစ်ချက် လွတ်မိသွားသောကြောင့် ကိုဘဒင် တစ်ယောက် ထိုချောင်းဝ မှတ်တိုင်မှာ ပင် ကားမှောက်၍ ပွဲချင်းပြီး သေဆုံးသွားလေတော့၏။

***

''သား … မင်းညီလေး … နက်ဖြန် ကျောင်းအပ်ရမယ်''

ရုတ်တရက် အမေပြောသော စကားကို ကျုပ်ထောက်ခံသည့် အနေဖြင့် ခေါင်းကို အသာဆတ် ပြလိုက်တော့သည် ။ အငယ်ဆုံးကောင်လည်း ဖြစ်တော့ အခုမှ ပင် ကျောင်းစတက်မည် မဟုတ်ပါလား။ ကျုပ်တို့ နေသည့် အင်းစိန်မှာ တော့ အ.မ.က (၁) အင်းစိန် ဆိုတဲ့ မူလတန်းကျောင်းလေး တစ်ကျောင်းရှိလေ၏။ ကျုပ်ကိုယ်တိုင်လည်း ထိုကျောင်းလေးတွင် မူလတန်းတုန်းက တက်ရောက် အောင်မြင်လာခဲ့သည် ဖြစ်၏ ။

တစ်ခုဆိုးတာကတော့ တစ်ခုပဲ ရှိလေသည် ။

ကျောင်းတက်ဖို့ ကျောင်းအပ်ဖို့ အရေးကို တော်တော် အလုပ်ရှုပ်စေ၏။ တခြားသော မြို့နယ်များ လို မနက်မိုးလင်းမှ ကျောင်းသွားအပ်လို့ အဆင်မပြေချေ။ ကျောင်းကို စောနိုင်သမျှ စောစောသွား၍ အပ်ထားမှသာ ညီတော်မောင်အတွက် စိတ်ချရမည် ဖြစ်လေသည် ။ ဘယ်သူမဆို S tate ကျောင်းသား ဘဝမှာ တော့ A ခန်း တို့ ဘာတို့ မှာ ထိုင်ချင်ပေသည်

မဟုတ်ပါလား။ ထို့ကြောင့် လည်း ညီတော်မောင် အခန်းကောင်းကောင်း ရရန် အမေနှင့် ကျုပ် ထိုအ.မ.က ( ၁ ) အင်းစိန် ကျောင်းကို ညကြီးအချိန်မတော် ထွက်ခဲ့လိုက်တော့သည် ။ အိမ်နှင့် ကျောင်းမှာ လည်း မဆိုစလောက် ဝေးလံသောကြောင့် ထိုအချိန် ထွက်ခဲ့ ခြင်းသာ အကောင်းဆုံး ဖြစ်ပေလိမ့်မည် ဟု ထင်ပေ၏။

အိမ်ကနေ ကျောင်း ဆိုရင်တော့ မှတ်တိုင်ရှစ်ခု လောက်ထိ သွားရ လေသည် ။ ခရီး အကွာအဝေးကိုတော့ ကျုပ်တို့ က မှတ်တိုင်လေးနဲ့ ပဲ သင်္ကေတထားပြီး မှတ်ကြခြင်း ဖြစ်လေသည် ။ အ.မ.က ( ၁ ) ကျောင်း ကတော့ အင်းစိန် ပန်းခြံမှတ်တိုင်မှာ ဖြစ်လေ၏။ ကျောင်းကနေ နောက် တစ်မှတ်တိုင် ဆိုလျှင်တော့ အင်းစိန် ဆေးရုံကြီးရှိလေ၏။ ကျောင်းက နေဆိုလျှင် ထိုဆေးရုံကြီးအား ကောင်းစွာ မြင်ရလေ၏။ နောက် သုံးမှ တ်တိုင်ခန့် သွားလျှင်တော့ ကားသင်္ချိုင်းကြီး တစ်ခုလည်း ရှိလေ၏။ တို က်သမျှ ကားအို ကားဟောင်းများ စုဝေးရာ နေရာတစ်ခု ဖြစ်သော ထို ကားသင်္ချိုင်းကြီးကား နာမည် ကြီးလှပေသည် ။

မိမိကားအား စွဲလမ်းသော ဝိဉာဉ်များ ထိုကားဖြင့် အက်ဆီးဒင့်ဖြစ် ကာ သေဆုံးသွားခဲ့သော အစိမ်းသေ များ လည်း ရှိသည် မဟုတ်ပါလား ။ ထိုကြောင့် လည်း ထိုကားသင်္ချိုင်းကြီးမှာ တော့ အင်းစိန်ဘက်တွင် သ ရဲခြောက်သော ကားသင်္ချိုင်းကြီး တစ်ခုအဖြစ် လွန်စွာနာမည်ကြီး နေ တော့သည် ။

ညီတော်မောင်ကို ထိုကျောင်းအပ်ဖို့ အရေး အမေနှင့် ကျုပ် စက်ဘီး လေးဖြင့် ညဆယ်နာရီ လောက်တည်းက ထွက်လာခဲ့ရလေသည် ။ ကျောင်းကို ရောက်တော့ စားဖို့ သောက်ဖို့ ဘာညာ ဝယ်ပြီးသည် နှင့် ည ဆယ့်တစ်နာရီ လောက်ပင် ရောက်ခဲ့ချေပြီ။ ကျောင်းတွင် လည်း ကျုပ်

တို့ သားအမိ သာမက အခြားအခြားသော ကျောင်းသား မိဘများ လည်း ရောက်နေကြပြီ မဟုတ်ပါလား။ ထိုအင်းစိန်တွင် တော့ ညကြီး အချိန်မ တော် ကျောင်းအပ်ရန် လာရောက် စောင့်ဆိုင်းခြင်းမှာ တော့ အထူးအ ဆန်း မဟုတ်တော့ချေ။

''ငါ့သား ... မနက် ကျောင်းသွားရမယ်မို့လား ... အိမ်ပြန်ရင် ပြန် တော့လေ''

''ဖြစ်လို့ လား ... အမေ တစ်ယောက်တည်း''

''တစ်ယောက်တည်း ... မဟုတ်ပါဘူး ဒီမှာ ... တစ်ခြားကျောင်း သား မိဘတွေလည်း ... ရှိတာပဲ ... အမေ့ကို စိတ်မပူနဲ့ ''

''ဟုတ်အမေ''

''အေအေ ... မင်းညီ ကျောင်းအပ်ဖို့ ကတော့ ... အမေရပါတယ် ... သားအိပ်ရေးပျက်လို့ မနက်ကျောင်းမှာ ... အိပ်ငိုက် နေပါဦးမယ်''

''ဟုတ် ... ဟုတ်ကဲ့ ''

ကျုပ်လည်း အမေ့စကားကို မလွန်ဆန် ချင်တော့ပေ။ အမေပြောသ ည် မှာ လည်း သဘာဝ ကျပေသည် ။ မနက်ဖြန် ကျောင်းဖွင့်သည် မဟု တ်ပါလား။ ထို့ကြောင့် လည်း ကျုပ်ဂျပန်ဘီး စက်ဘီး ကြက်သွေးရောင် လေးကို တအိအိနှင့် နင်းရင်း အိမ်သို့ပြန်ခဲ့ လိုက်တော့သည် ။

တစ်ခုဆိုးတာက ကျုပ်က သရဲ အလွန်ကြောက်တတ်ခြင်း ဖြစ်လေ ၏။ သရဲသာကြောက်သည် သို့သော် ဖတ်သမျှဝတ္ထု ကာတွန်း ဇာတ် ကား ဆိုလည်း သရဲစာအုပ် သရဲကားများ သာ ကြည့်သည် မဟုတ်ပါ လား။ ညဘက်ဆို ကိုယ့်အရိပ်ကိုမြင်၍ ကြောက်လန့်ရသော အခိုက်အ တန့်များ လည်း ရှိပေ၏။ သို့သော် အခုအသက် အရွယ်လေး နည်းနည်း

ရလာတော့ အရင်လို သိပ်ကလေး မဆန်တော့ပေ။ နဖူးတွေ့ဒူးတွေ့ မတွေ့ရသလောက် တော့ မကြောက်သေး။

ယခုလည်း ကျောင်းကနေ အိမ်မှတ်တိုင် ရှစ်ခု အကွာအဝေးကို တစ်ယောက်တည်း စက်ဘီးနှင်း၍ ပြန်ရသော ကိုယ့်အဖြစ်ကို တွေးရင်း စိတ်ထဲ မတင်မကျ ဖြစ်နေမိတော့သည် ။ ထိုလမ်းတစ်လျှောက် ဖြတ်ကျော်ရမည့် အင်းစိန်ဆေးရုံ ရင်ခွဲရုံ ကားသင်္ချိုင်းတို့ အကြောင်း သတိရလိုက်တိုင်း ကျောရိုးထဲက စိမ့်ခနဲ စိမ့်ခနဲ ကျင်တက် သွားလေတော့၏။

ကျုပ်လည်း စက်ဘီးလေးကို တရွေ့ရွေ့မောင်းနှင် လာရင်းမှ ပင်ဆေးရုံနှင့် ရင်ခွဲရုံကို ကျော်လွန်လာခဲ့ပြီ ဖြစ်လေသည် ။ ဆေးရုံရှေ့ကို ဖြတ်မောင်းလိုက်သည့် အခိုက်အတန့် ကိုယ့်အဖြစ်ကို တွေးကာ ကျုပ်ရီရမလိုလို ငိုရမလိုလို။ တကယ်တော့ နာနာဘာဝဆိုတာ ကျုပ်တို့ ကံနိမ့်နေသည့် အချိန်မျိုးတွေမှ သာ တွေ့ရတတ်သည် မဟုတ်ပါလား။ ကျုပ်ကံမြင့်နေလို့ မတွေ့ရသာ ဟု တွေးရင် တစ်ချက်မျှ ပြုံးလိုက်မိတော့သည် ။ ထိုစဉ်ရုတ်တရက်

''ဟိတ် ... ကောင်လေး ... ကောင်လေး စက်ဘီးခဏရပ်''

''ဟင် ''

နောက်ကျောဘက်မှ ခေါ်သံတစ်ခုကြောင့် ကျုပ် ကြောင်အမ်းအမ်းဖြစ်သွားလေတော့သည် ။ ကျုပ်လည်း စက်ဘီးကို အရှိန်လျှော့ပြီး သမင်လည်ပြန် ကြည့်လိုက်တော့ အသက် လေးဆယ်ကျော် ငါးဆယ်လောက်ရှိသော လူကြီးတစ်ယောက်။ စောစောက ထိုလူအား ကျုပ်ဘာလို့ မတွေ့လိုက်ရတာလဲ။ ထိုလူသည် သရဲ တစ္ဆေ များ လားဟု ရှုးကြောင်ကြောင် တွေးလိုက်မိတော့သည် ။ ကျုပ်စိတ်ထဲက ပြောသည် ကို ထိုလူသိသည်

ထင်

"ဟိတ်ကောင်လေး ... ဦးက သရဲမဟုတ်ပါဘူး ... ကားပျက်နေလို့ ပါ ငါ့တူ စက်ဘီးလေးနဲ့ လမ်းကြုံ လိုက်ချင်လို့ "

အဲဒါနဲ့ ကျုပ်လည်း တွေးမိလိုက်တာပေါ့။ ဆေးရုံရှေ့လည်း မဟုတ် ရင်ခွဲ ရုံလည်း

ကျော်လာရောပေါ့။ ထိုလူက သရဲတော့ မဟုတ်လောက်ပါဘူး ကား သံချိုင်းကလည်း ရှေ့မှတ်တိုင် နှစ်ခုလောက် လိုသေးတော့ ကျုပ်အဖြစ် ကို ကျုပ်တွေးကာ ရီလိုက်မိတော့သည် ။

"ဟုတ် ... ဟုတ် ... ရပါတယ်ဗျာ လာလာ"

ထိုလူကို တင်ခေါ်လိုက်ခြင်း အားဖြင့် ကျုပ်အကြောက် အနည်းငယ် ပြေသွားလေတော့သည် ။ နို့ မဟုတ်ရင် ကားသံချိုင်းကြီးကို ကျုပ်တစ် ယောက်တည်း ဖြတ်သွားရမှာ မဟုတ်လား။ ခုတော့ အဖော်လည်း ရ တာပေါ့။ ထိုအတွေးလေးနှင့် အတူ စောစောကလူအား ကျုပ်စက်ဘီး နောက်တွင် တက်လိုက်စေခဲ့၏။ ကျုပ်လည်း အကြောက်ပြေကာ ထိုလူ နှင့် တစ်လျှောက်လုံး စကားများ ရောက်တတ်ရာရာ ပြောဖြစ်ခဲ့တောသ ည် ။

"ဒါနဲ့ ... ဦးလေးက ဘာ အလုပ်လုပ်တာလဲဗ်"

"ကားဆရာပါ ... ငါ့တူရာ"

"ဦးလေး ... က ဘာကား မောင်းတာတုန်း"

"ဆယ်ဘီးကား မောင်းတယ် ... ငါ့တူ"

"ဦးနာမည်ကရော"

''ဦးနာမည်က ... ဦးဘဒင်ပါ''

ကျုပ်စကားကို မဖြေချင် ဖြေချင်ဖြင့် ဖြေနေသော ထိုလူကို အားနာသဖြင့် ဆက်မမေး ဖြစ်တော့ပေ။ စက်ဘီးစနင်း လာတုန်းကနှင့် အခုမတူတော့ပေ။ စက်ဘီးကလေးမှာ အနောက်က လူပါသည် ဆိုသော်ညားလည်း ကျုပ်တစ်ယောက်တည်း နင်းနေရသလို ပေ့ါပါးလွန်းနေပေ၏။ ကျုပ်စိတ်ထဲ စတင်၍ သံသယ ဝင်လာချေပြီ။ ဖတ်ခဲ့ဖူးသော ဆရာလှျပ်ပန်းအိမ်၏ ဆိုက်ကားပေါ်မှာ လိုက်လာတယ်ဆိုတဲ့ ဝတ္ထုအတိုင်း ကျုပ်အနောက်မှ ပါလာသော လူသည် နာနာဘာဝ များ လား။ စက်ဘီးက လူတစ်ယောက် ပါလာသည် နှင့် မတူ သည် ကတစ်ကြောင်း ကျုပ်ညကြီးစက်ဘီး နင်းရင်းနှင့် ပင် ချွေးများ တတောက်တောက် ကျ လာလေတော့၏။

''အေ ... ကောင်လေး ... ရောက်ပြီရောက်ပြီ''

''ကြီး ... ကြီး''

ကျုပ်စက်ဘီးလေးကို ဘရိတ်ဆွဲ၍ ရပ်ပေးလိုက်တော့သည် ။ ထိုလူသည် ကျုပ်ကို ကျေးဇူးတင် စကားတောင် မပြောတော့ဘဲ ကားသချိုင်းထဲက ဆယ်ဘီးကား ပျက်ကြီးထဲ ဝင်သွားသည် ကို ကျုပ်မျက်ဝါး ထင်ထင်တွေ့ လိုက်ရလေတော့၏။

''ဟာ ...''

ကျုပ်သတိ ပြန်ဝင်လာတော့မှ ကြည့်လိုက်မိသည် ကျုပ်စက်ဘီး ရပ်ထားသော နေရာကား အင်းစိန်၏ နာမည်ကြီး ကားသင်္ချိုင်းကြီး ရှေ့တွင် ဖြစ်နေလေတော့၏။ စောစောက ဦးဘဒင် ဆိုသော လူကားလည်း ဆယ်ဘီးကား ပျက်ကြီးထဲ ဝင်ရောက်ကာ ပျောက်ချင်းမလှ ပျောက်သွားလေတော့၏။

ကျုပ်လက်ပတ်နာရီကို ကြည့်လိုက်တော့ ဆယ့်နှစ်နာရီ ထိုးရန် ငါး မိနစ်သာ လိုသောအချိန်။ ကျုပ်ဘာမှ မစဉ်းစားတော့ပဲ စက်ဘီးကို ခြေ ထောက်ပြုတ်ထွက် မတတ်နင်းကား ပြေးလိုက်တော့သည် ။ အိမ်ပြန် ရောက်တော့ ကျုပ်ကြောက်စိတ်တွေ မပြေသေး ဘုရားကျောင်းဆောင် ပေါ်က ပရိတ်ရေ ပုလင်းကို ယူသောက် ပစ်လိုက်တော့၏။ ပြီးနောက် ဘုရားရှိခိုးကာ ခုတင်ပေါ် ပစ်လှဲချလိုက် တော့သည် ။ ပင်ပန်းလွန်းသွား၍ လားမသိ ကျုပ်မျက်ခွံတွေ လေးလာရင်း ...

***